# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၈၇ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၅-၈-၂၀၁၅ ] (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၈၇ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးအုန်းငွေ၊ မြောင် မဲဆန္ဒနယ်၏ **ဗဟိုဘဏ်သည် Deposit Auction Market အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်အစိုးရနှင့် ပတ်သက်သော စီးပွားရေးအဖွဲ့အစည်းများ၏ ရန်ပုံငွေများကို ပုဂ္ဂလိက ဘဏ်များသို့ ခွဲဝေအပ်နှံရန် စီမံဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် နိုင်ငံတော်ဘဏ်များမှ ရင်းနှီးမြှုပ်နှံမှု မပြုလုပ်နိုင်သဖြင့် ဖြစ်ပေါ်နေသည့် အရှုံးပေါ်နေမှုများ လျှော့ချနိုင်ရန် စီမံဆောင်ရွက်ထားရှိမှုအခြေအနေ မည်သို့ရှိသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးသန်းဦး၊ မြဝတီ မဲဆန္ဒနယ်၏ **YCDC မှ ရန်ကုန်တိုင်းဒေသကြီး ပြင်ပကားများအတွက် ကောက်ခံသော မြို့ဝင်ကြေး၊ မြို့ထွက်ကြေးများကို အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသား ပြည်သူများအတွက် ဖြေလျှော့ရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိုးဝင်း၊ ကျောက်တံတား မဲဆန္ဒနယ်၏ **ရန်ကုန်မြို့တွင်း ရောင်းချနေသော လမ်းဘေးဈေးဆိုင်များ စနစ်တကျရှိရေးနှင့် နေ့လယ် ၃ နာရီမှ ည ၁၀ နာရီအထိ ရောင်းချခွင့်ပြုရန် အစီအစဉ် ရှိ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးလှထွန်း၊ ခန္တီး မဲဆန္ဒနယ်၏ **ခန္တီးမြို့ ချင်းတွင်းမြစ်ကမ်း မြေထိန်း နံရံကို မည်သည့်ဘဏ္ဍာနှစ်တွင် အပြီးသတ် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော **"၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော **"မော်တော်ယာဉ် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက **"စက်မှုလုပ်ငန်း ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၉။ **"စက်မှုလုပ်ငန်း ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၀။ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် **"စက်မှုလုပ်ငန်း ဥပဒေကြမ်း"** ကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၈၇ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၈၈ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။